


# ပိုက်ဆံ

အန်တီသွယ်

# MONEY

မူလတန်းအရွယ် သားငယ်သမီးငယ်များအတွက် အထွေထွေဗဟုသုတ အစီအစဉ်

mgyoe.com

# ပိုက်ဆံ

အန်တီသွယ်

# MONEY




CHD0001
700.00 KS

mgyoe.com

ပိုက်ဆံ၊ အနံ့တီသွယ်
စာမျက်နှာ ၂၁ မျက်နှာ၊ ၁၄ • ၅ စင်တီ× ၂၀ • ၇ စင်တီ
ဒီဇိုင်းနှင့် စာမျက်နှာဖွဲ့စည်းမှု - စိုးမင်းအောင်
စာမူမူပိုင် - ခင်အေးအေးကျော်

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ မတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၇၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# ပိုက်ဆံ

## အန်တီသွယ်

ပထမအကြိမ်၊ ၂၀၁၁

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



# ပိုက်ဆံ

မင်္ဂလာပါ…။

ဒီစာအုပ်လေးမှာ ကိုကိုနဲ့ မမကို ပိုက်ဆံအကြောင်း ပြောပြမယ်နော်။

ပိုက်ဆံဆိုတာ ကိုယ်လိုချင်တဲ့ အင်္ကျီတွေ၊ အရုပ်တွေ၊ စာအုပ်တွေ၊ ခဲတံတွေကို ဝယ်ဖို့အတွက် သုံးရတာ။ ကိုယ်နေတဲ့ တိုင်းပြည်ကို လိုက်ပြီး သုံးတဲ့ ပိုက်ဆံတွေ မတူကြဘူး။ ဘယ်လို မတူလဲဆိုတော့ ပိုက်ဆံကို ခေါ်တဲ့ အခေါ်ချင်းလည်း မတူဘူး။ ကိုယ်လိုချင်တာ တစ်ခုအတွက် ပေးရတဲ့ ပိုက်ဆံတန်ဖိုးချင်းလည်း မတူဘူး။

ကိုယ့်တိုင်းပြည်မှာ သုံးတဲ့ ပိုက်ဆံကို ကျပ်လို့ သုံးရင် သူများတိုင်းပြည်ရဲ့ ပိုက်ဆံက ဒေါ်လာလို့ သုံးချင် သုံးမယ်၊ ရူပီးလို့ ခေါ်ချင် ခေါ်မယ်၊ ယွမ်လို့ ပြောချင် ပြောမယ်။

mgyoe.com

mgyoe.com



ကိုကိုတို့၊ မမတို့ အခုနေနေတာ မြန်မာပြည်လေ။

မြန်မာပြည်မှာ သုံးတဲ့ ပိုက်ဆံတွေက အရင်ကတော့ တစ်ကျပ်ကနေ စပြီး အသုံးဝင်တယ်။ ငါးပြား၊ ဆယ်ပြားဆိုပြီးလည်း အကြွေစေ့လေးတွေ သုံးခဲ့တယ်။

ဒီလို ပုံစံမျိုးတွေပေါ့။



အခု ကိုကိုတို့၊ မမတို့၊ မေမေ၊ ဖေဖေတွေနဲ့ မြန်မာပြည်သူပြည်သား အားလုံး သုံးနေကြတဲ့ ပိုက်ဆံတွေကတော့…



mgyoe.com

mgyoe.com



ငါးဆယ်
တစ်ရာ
နှစ်ရာ
ငါးရာ
တစ်ထောင်
ငါးထောင်
တစ်သောင်းတွေပေါ့။




ငါးဆယ်နဲ့ဆိုရင် ကိုကိုတို့ မမတို့ စားဖို့ ကျောင်းမုန့်ဈေးတန်းက ချိုချဉ်လေး ဝယ်လို့ ရမယ်၊ မုန့်ထုပ်လေး ဝယ်လို့ ရချင်ရမယ်၊ တခြားဟာတွေ

mgyoe.com

mgyoe.com



တော့ ဝယ်လို့ ရမှာ မဟုတ်ဘူး။

တစ်ရာဆိုရင်တော့ လမ်းပေါ်မှာ သွားနေတဲ့ ဘတ်စ်ကားတက်စီးလို့ ရပြီ၊ သွားမယ့်နေရာ နည်းနည်းဝေးဝေးသွားရင်တော့ နှစ်ရာပေးရမှာ။




mgyoe.com

mgyoe.com









ဗလာစာအုပ်လေး တစ်အုပ်၊ ဘောပင်လေး တစ်ချောင်း ဝယ်ချင်ရင် တော့ ငါးရာလောက်ဆို ဝယ်လို့ ရပြီ။

mgyoe.com

mgyoe.com









တစ်ထောင်ဆိုရင်တော့ ကိုကိုတို့၊ မမတို့ကြိုက်တဲ့ စားစရာတွေ ဝယ်စားလို့ ရပြီပေါ့နော်။

ငါးထောင်၊ တစ်သောင်းဆိုရင်တော့ အများကြီးသုံးလို့ ရပြီပေါ့။

mgyoe.com

mgyoe.com






ကဲ…

ပိုက်ဆံလေးတွေ သုံးပြီး ကိုယ်လိုချင်တာလေးတွေ ဝယ်ကြည့်ပါလား။

ပိုက်ဆံသုံးတယ်ဆိုတာ ကျောင်းမှာ သင်ရတဲ့ သင်္ချာအပေါင်းအနုတ်ပဲလေ။

ကိုကိုတို့၊ မမတို့လက်ထဲ ရောက်လာတဲ့ ပိုက်ဆံတွေ အကုန်လုံးက အပေါင်းဂဏန်းတွေပေါ့။ ကိုယ့်လက်ထဲက ပြန်ပေးလိုက်ရတဲ့ ပိုက်ဆံတွေ အကုန်လုံးကိုတော့ နုတ်ရမှာ။

မေမေ့ဆီက မုန့်ဖိုး ငါးရာတောင်းပြီး ဘောပင်တစ်ချောင်းလောက် ဝယ်ကြည့်ရအောင်။

ဈေးဆိုင်မှာ ကိုကိုတို့၊ မမတို့က ငါးရာတန်ပေးလိုက်တဲ့အခါ ဘောပင်တစ်ချောင်းက နှစ်ရာဆိုရင် ၅၀၀ ထဲက ၂၀၀ ကို နုတ်လိုက်ပေါ့။

mgyoe.com

mgyoe.com



```
      ၅၀၀
-     ၂၀၀
-----------
      ၃၀၀
```

ဒါဆို ကိုကိုတို့ မမတို့မှာ ၃၀၀ ပြန်ရမယ်လေ။





—




=




mgyoe.com

mgyoe.com



အဲဒီလို သင်္ချာတွေ သုံးပြီး တွက်သွားရင် ပိုက်ဆံကို သုံးတတ်သွားပြီ ပေါ့နော်။

အခုတစ်ခါ တခြားနိုင်ငံက ပိုက်ဆံခေါ်ပုံခေါ်နည်းနဲ့ ပိုက်ဆံလေးတွေ ကြည့်ကြည့်လိုက်ပါဦး။

ဗီယက်နမ်ပိုက်ဆံ







mgyoe.com

mgyoe.com



## ကမ္ဘောဒီးယားပိုက်ဆံ












mgyoe.com

mgyoe.com



# ဖိလစ်ပိုင် ပိုက်ဆံ




mgyoe.com

mgyoe.com



ဖိလစ်ပိုင် ပိုက်ဆံအကြေစေ့များ



ထိုင်း ပိုက်ဆံ




mgyoe.com

mgyoe.com












ထိုင်း ပိုက်ဆံအကြွေစေ့များ



mgyoe.com